# မြန်မာ့ပညာရေးမြှင့်တင်မှု
# လက်တွဲဆောင်ရွက်ရေးအဖွဲ့

## စီမံကိန်းအဆင့် ၃ လုပ်ငန်းစဉ်
## မဟာဗျူဟာအကျဉ်းချုပ်

မြန်မာ့ပညာရေးမြှင့်တင်မှု
လက်တွဲဆောင်ရွက်ရေးအဖွဲ့
Myanmar Education Consortium

USAID FROM THE AMERICAN PEOPLE
Australian Aid
UKaid from the British people
Ministry for Foreign Affairs of Finland

**မိတ်ဆက် - မြန်မာ့ပညာရေးမြှင့်တင်မှု လက်တွဲဆောင်ရွက်ရေးအဖွဲ့ဆိုတာဘာလဲ။**

မြန်မာ့ပညာရေးစနစ်သည် နိုင်ငံ၏ပဋိပက္ခသမိုင်းကို ထင်ဟပ်စေသည်။ ကျေးလက်ဒေသများရှိ အထူးသဖြင့် ပဋိပက္ခဒဏ်ခံရသောဒေသများတွင် ပညာရေးစွမ်းဆောင်ရည်သည် တစ်နိုင်ငံလုံး ပျမ်းမျှ အတိုင်းအတာအရ နောက်ကျနေပါသည်။ ပဋိပက္ခဖြစ်ပွားမှုသည်ပညာရေးသင်ကြားမှုနှင့်ပညာရေး ဆိုင်ရာအရည်အသွေးအပေါ်ဆိုး ရွားစွာသက်ရောက်မှုရှိခဲ့သည်။ ထို့အပြင် မြန်မာဘာသာကို မိခင် ဘာသာစကား အဖြစ်မပြောဆိုသည့် ကလေး များအတွက် သင်ယူလေ့လာရေးဆိုင်ရာ အထောက်အပံ့ များရှားပါးခြင်း၊ မိခင်ဘာသာစကား သင်ယူနိုင်မည့် ပတ်ဝန်းကျင် အထောက်အပံ့မရှိခြင်း နှင့် လိုက်လျောညီထွေရှိသည့် ပညာရေးစနစ်များ (complementary education) ကို အသိအမှတ် မပြုခြင်း စ သည့် မညီမျှမှုများရှိနေပြန်သည်။ လက်ရှိတွေ့ကြုံနေရသော စိန်ခေါ်မှု များနှင့် မညီမျှမှုများကိုတုန့်ပြန် နိုင်ရန် မြန်မာ့ပညာရေးမြှင့်တင်မှုလက်တွဲဆောင်ရွက်ရေးအဖွဲ့ (MEC – Myanmar Education Consortium) ကို တိုင်းရင်း သားအများစု နေထိုင်ရာပြည်နယ်နှင့် တိုင်း ဒေသကြီး များရှိကလေး များ အတွက်အဓိကရည်ရွယ်ဖွဲ့စည်းခဲ့သည်။ MEC အနေဖြင့်ချန်လှပ်ထားခံရသော ပညာရေး ဝန်ဆောင် ထောက်ပံ့မှု မရရှိသည့်ကလေးများ အတွက်ပညာ ရေး ဆိုင်ရာအထောက်အပံ့များပေးနိုင်ရန်ရည်ရွယ် သည်။ MEC ကို ၂၀၁၃ ခုနှစ်တွင် အလှူရှင်များ စွာပူးပေါင်း ပါဝင် သည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တည်ထောင်ခဲ့သည်။ MEC အနေဖြင့် ၂၀၂၁ ခုနှစ် မှ ၂၀၂၅ ခုနှစ် အထိ စီမံကိန်း ကာလ သတ်မှတ် ဆောင်ရွက်နေပြီး ယခုအခါ စီမံကိန်းလုပ်ငန်းစဉ် အဆင့် (၃) သို့ရောက်ရှိနေ ပြီဖြစ်ပါသည်။ MEC ကို Save the Children International (SCI) မှကွပ်ကဲပြီး အလှူရှင် ကိုယ်စားလှယ်များနှင့် SCI National Director တို့ပါဝင်သော စီမံကိန်းလမ်း ညွှန်ကော်မတီက ကြီးကြပ်သည်။

တိုင်းရင်းသားနှင့် ဘုန်းတော်ကြီးသင်ပညာရေးစနစ်များသည် မြန်မာနိုင်ငံတွင် စာရင်းဇယားများအရ ကလေး ငယ်ပေါင်း ၇၂၀,၀၀၀[1]ကျော်ကိုပညာသင်ကြားပေးနေသော အရေးပါဆုံး ပညာရေးစနစ် များ ဖြစ်ပြီး နိုင်ငံ၏ အဆင်းရဲဆုံးနှင့်ပဋိပက္ခဒဏ်အများဆုံးခံရသည့်ဒေသများတွင်အဓိကကျသည့်အခန်း ကဏ္ဍတွင်ပါဝင်လျက်ရှိသည်။ MEC အနေဖြင့် တိုင်းရင်းသား နှင့် ဘုန်းတော်ကြီးသင် ပညာရေးစနစ်များ မှ ကွပ်ကဲဆောင်ရွက်နေသော စာသင် ကျောင်းများတွင်တက် ရောက်သင်ကြားနေသည့် ကလေးများ အတွက် ရေရှည်တည်တံ့သည့် သင်ကြားရေး နှင့် သင်ယူရေးဆိုင်ရာ လိုအပ်ချက်များထောက်ပံ့ပေးနိုင် ရန် ရည်ရွယ်ချက်ရှိပါသည်။

စီမံကိန်းအဆင့်(၃)တွင် ပညာရေးလက်လှမ်းမမီသော ကလေးငယ်များအတွက် ရေရှည်တည်တံ့ပြီး အရည်အသွေး ရှိသောသင်ယူရေးဆိုင်ရာ အခွင့်အလမ်းများ ဆောင်ရွက်ပေးနိုင်ရန် MEC အနေဖြင့် မိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရေး၊ ဂျင်ဒါတန်းတူညီမျှရှိရေး၊ မသန်စွမ်းမှုများအရေးနှင့် လူမှုရေး ပါဝင်ပတ်သက်မှု(GEDSI)[2] တိုးမြှင့်ရေးများ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်သည်။ MEC သည်စီမံကိန်းအကောင်အထည် ဖော်ဆောင်နေသည့် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် ချဉ်းကပ်မှု ကိုအသုံးပြုကာ ပညာရေးစနစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ကူညီပေးနိုင်ရန် ရန်ပုံငွေများ၊ ပူးပေါင်းဆောင်ရွက်ခြင်းများ၊ နည်းပညာဆိုင်ရာ အထောက်အပံ့များ နှင့်သုတေသနဆိုင်ရာ အထောက်အပံ့များပေးအပ်လျက်ရှိသည်။ ထို့အပြင် တိုင်းရင်းသားနှင့် ဘုန်းတော်ကြီးသင် ပညာရေးစနစ်

---

[1] ခန့်မှန်းချက်အရ အများဆုံး ကလေးအရေအ ၃၀၀,၀၀၀ သည် ဘုန်းတော်ကြီးသင်စာသင်ကျောင်းများတွက် ပညာသင်ကြား လျက်ရှိပြီး အနည်းဆုံး ကလေး ၄၂၀,၀၀၀ ကျော်သည် တိုင်းရင်းသားပညာရေးထောက်ပံ့သူများမှ ထောက်ပံ့စီမံသည့် စာသင်ကျောင်းများတွင် ပညာသင်ယူလျက်ရှိသည်။ (တိုင်းရင်းသားလက်နက်ကိုင်ပညာရေးဌာန များမှစီမံခန့်ခွဲသည့်ကျောင်း များ ၊လူထုမှဦးဆောင်သည့်ကျောင်းများ၊ ရောနှောအုပ်ချုပ်သည့်ဒေသမှကျောင်းများ နှင့်တိုင်းရင်းသားပညာရေးထောက်ပံ့သူ များပံ့ပိုးသည့်အစိုးရကျောင်းများပါဝင်သည်။)

[2] ဂျင်ဒါတန်းတူညီမျှရှိမှု၊ မသန်စွမ်းမှုနှင့် လူမှုရေးပါဝင်ပတ်သက်မှု (GEDSI)သည်ဖယ်ရှားခံထားရနိုင်သူများ အားလုံးအနေဖြင့် ပညာရေးစနစ်များတွင်ပါဝင်နိုင်ရေးအပြင်၊ MECနှင့်ပူးပေါင်းဆောင်ရွက်သူများ၏ လုပ်ငန်းစဉ် တိုင်းတွင် အထူးအလေးထား ထည့်သွင်းစဉ်းစားရာတွင် ရည်ညွှန်းသည့်စကားရပ်ဖြစ်သည်။

များအတွက် အထောက်အကူပြုသည့် လုပ်ငန်းလည်ပတ်ရေး ပတ်ဝန်း ကျင်တစ်ရပ်[3]ကို ညှိနှိုင်း ဆောက်ရွက်ပေးလျက်ရှိပါသည်။ MEC အနေဖြင့် မိခင်ဘာသာစကားအခြေပြုသော ဘာသာစကားစုံပါဝင်သည့် ပညာရေး အတွက်ကူညီ ထောက်ပံ့ခြင်း မှတဆင့် တိုင်းရင်းသားဘာသာစကား နှင့် ယဉ်ကျေးမှု တိုးတက်မှုခိုင်မာစေသည်။ ထို့အပြင် အားလုံး ပါဝင်သည့်ပညာ ရေးစနစ်ဖော်ဆောင်ရာတွင် တိုင်းရင်းသားနှင့် ဘုန်းတော်ကြီးသင် ပညာရေး စနစ်မှ သက်ဆိုင်သူအားလုံးပူးပေါင်း ပါဝင်မှုပိုမိုမြင့်တက်လာ စေရန် ဆက် လက် ဆောင်ရွက် မည်ဖြစ်သည်။

**လုပ်ငန်းစဉ်၏ပြောင်းလဲမှုသီအိုရီ ToC (Theory of Change)**

MEC ၏ စီမံကိန်းအဆင့် (၃) တွင် တိုးတက်ပြောင်းလဲမှုကို တိကျရှင်းလင်းစွာဖော်ပြထားပြီး အခြေအနေပေါ်မူ တည်ကာလိုက်လျောညီထွေ ပြောင်းလဲနိုင်ရန် လိုအပ်သည့်မူဘောင်ကို လည်းဖော်ပြပေးထားသည်။ အဆိုပါမူ ဘောင် သည် ရှင်းလင်းလွယ်ကူစွာတိုင်းတာနိုင်သည့် မူဘောင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိပြောင်းလဲနိုင်သည့် လူမှုနိုင်ငံရေးအခြေအနေကိုသဘောပေါက်နားလည်နိုင်ရန် ပုံဖော်ထား သည့် ပြောင်းလဲမှုသီအိုရီ၏အဓိကရပ်တည်ချက်မှာ -

အကယ်၍ MEC အနေဖြင့် ပညာရေးထောက်ပံ့သူ/အဖွဲ့များ၏ လိုက်လျောညီထွေရှိသည့်ပညာရေးစနစ်များ ကို အား ကောင်း စေ ရန် ပူး ပေါ င်း ဆော င်ရွ က်မ ည်ဆို ပါ က အော က်တွ င်ဖော်ပြ ထား သ ည့် အကြောင်းအရာများကို အလေးထားသည်။

- ကျောင်းသား၊ ကျောင်းသူများ၏ လိုအပ်ချက်နှင့်ကိုက်ညီသောအရည်အသွေး ပြည့်ဝသည့် သင်ယူမှု။
- စိန်ခေါ်မှုအခြေအနေများရှိသော်လည်း ဝန်ဆောင်မှုများ အဆက်မပြတ်ပေးနိုင်ခြင်း။

---

[3]ရှုပ်ထွေးသည့်လူမှုနိုင်ငံရေးနှင့်ပတ်ဝန်းကျင်ကြောင့်လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုတွင်အကျိုးသက်ရောက်နိုင်သည့် အတွက် ပညာရေးထောက်ပံ့သူများ/မိတ်ဖက်များအတွက် လုပ်ငန်းလည်ပတ်နိုင်ရန်ကူညီထောက်ပံ့ပေးခြင်း။

- ပညာရေးကဏ္ဍတွင် ပါဝင်ပတ်သက်နေသူများဆီမှ ပံပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိခြင်း။

လိုက်လျောညီထွေရှိသည့် ပညာရေးစနစ်များသည် ပညာရေးလက်လှမ်းမမီသော ကလေးများ[4]၏ ပညာရေး လိုအပ်ချက်များကို ထောက်ပံ့ နိုင်ရမည်ဖြစ်ပြီးၣင်းတို့၏ ပညာသင်ယူ ရေးနှင့် ဘ၀ သာယာ လှပရေးအတွက် တိုးတက်သည့် ရလဒ်များ ပေါ်ထွက်လာရန်ဖြစ်သည်။

MEC ၏အဓိကရည်ရွက်ချက်နှင့် ရပ်တည်ချက်မှာပညာရေးလက်လှမ်းမမီသော ကလေးများအနေဖြင့် လိုအပ်သော ပညာရေးဝန်ဆောင်မှုများရရှိကာဘ၀ သာယာရေးအတွက် အခွင့်အလမ်းများ ရရှိနိုင်ရန်ဖြစ် သည်။ ပြောင်းလဲမှု သီအိုရီ၏ အဓိကမျှော်မှန်းရလဒ် မှာ MEC မိတ်ဖက်များ ၏ပညာရေး စနစ်များသည် ပညာရေးလက်လှမ်းမမီသော ကလေးများအတွက် သင်ယူရေးဆိုင် ရာအခွင့်အလမ်းများရရှိစေ နိုင် ရန်ဖြစ်သည်။ ထို့အပြင်လိုက် လျောညီ ထွေမှုရှိသောပညာရေး (complementary educaiton) ကိုပိုမို အား ကောင်း စေရန်လုပ်ဆောင်သည့် MEC ၏ ချဉ်းကပ်မှုကိုပိုမို မြင်သာစေသည်။ ဤချဉ်းကပ်မှုသည် ပညာရေးစနစ်များ ၏ရှုပ်ထွေးမှု နှင့် ၎င်းတို့လည်ပတ်ရသည့် ပတ်ဝန်းကျင်ကိုအချင်းချင်းချိတ်ဆက် နေ သောအစိတ်အပိုင်းများ အဖြစ်ရှုမြင် ထား သည်။ ထို့ပညာရေး စနစ်နှင့် ပတ်ဝန်းကျင်များကိုသဟဇာတ မျှအောင် စီမံခန့်ခွဲ နိုင်လျှင် ပိုမိုအားကောင်းသည့် ပညာရေးကို ပေးနိုင်မည်ဟု လက်ခံထားသည်။ TOC ၏မျှော်မှန်းရလဒ်များသည် MEC လုပ်ငန်း များ၏ အဓိကနယ်ပယ်များ ကိုဖော်ဆောင်ပေး သည့် လက္ခဏာ (၃) ရပ်ဖြစ်သော (၁) ပညာရေးမော်ဒယ်လ်၏ကြံ့ခိုင်မှု နှင့်ဆီလျော်မှု၊ (၂) ဆက်လက် ဆောင်ရွက် သည့် လုပ်ငန်း များ အတွက်ဒဏ်ခံ နိုင်မှု၊ (၃) အသိအမှတ်ပြုခြင်းနှင့် အထောက်အပံ့ပေး ခြင်း တို့အပေါ်အခြေခံ ထားသည်။ ၎င်းလက္ခဏာ (၃) ရပ်တို့မှာ ပညာရေးစနစ်များတွင် ထင်ရှား ပြီး အပြန်အလှန်ချိတ်ဆက် နေသည့် လက္ခဏာရပ်များဖြစ်သည်။

---

[4]ပညာရေးလက်လှမ်းမမီသောကလေးများဟူသောစကားရပ်သည်သင်ယူရေးအတွက်အဟန့်အတားများရင်ဆိုင်နေ ရသည့်ကလေးများကိုရည်ညွှန်းသည်။အဟန့်အတားများတွင်ဘာသာစကား၊တိုင်းရင်းသားဖြစ်မှု၊ဝေးလံခေါင်ဖျားမှု၊ နိုင်ငံရေး၊ဝင်ငွေ၊ ပဋိပက္ခ၊ ဂျင်ဒါနှင့် မသန်စွမ်းမှုတို့ပါဝင်သည်။)





Figure 1: Myanmar Education Consortium Theory of Change

မျှော်မှန်းရလဒ်များသည်ပညာရေးစနစ်အတွင်း အပြန်အလှန်ချိတ်ဆက်မှုကို ထင်ဟပ်စေသည်။ မိတ်ဖက်များအ နေ ဖြင့်ရလဒ်ကောင်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် MEC မှထောက်ပံ့ကူညီပေးသွားမည်။

## လုပ်ငန်းစဉ်ဒီဇိုင်း





Figure 2 - Domain areas of an effective education system

အပြန်အလှန်အကျိုးရှိမှုနှင့်ယုံကြည်မှုအပေါ်အခြေခံပြီးအဓိပ္ပာယ်ရှိသောမိတ်ဖက်ဆက်ဆံရေးများဖော်ဆောင်ခြင်း သည် MEC  လုပ်ငန်းစဉ်ဒီဇိုင်းအတွက် အဓိကကျသည်။ MEC ၏ ပူးပေါင်းဆောင်ရွက်ခြင်းသည် မိတ်ဖက် တစ်ဦး စီနှင့် MEC အကြား အပြန်အလှန်ဆောင်ရွက်သည့် အခန်းကဏ္ဍများ၊ အသိပညာ၊ ကျွမ်းကျင်မှု၊ လက်လှမ်း မီမှုနှင့်အတွေ့အကြုံများကိုဖလှယ်ကာ လုပ်ငန်းဖော်ဆောင်ရာတွင်အပြည့်အဝအကျိုးရှိစေမည်ဖြစ်သည်။ MEC အနေဖြင့်မိတ်ဖက်များအားလုံးအပြန် အလှန်လေးစားမှုရှိစေရန်အတွက် အတွေ့အကြုံ၊ အသိပညာ၊ ခေါင်းဆောင်မှု နှင့် ရှိရင်းစွဲအရင်းအမြစ်များမှတဆင့် ပိုမိုကောင်းမွန်သောရလဒ်များရရှိစေရန် ကြိုးပမ်း ဆောင်ရွက် လျက်ရှိသည်။ မိတ်ဖက်များသည်ကောင်းမွန်သည့် အပြောင်းအလဲများလုပ်ဆောင်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု သော ဆုံးဖြတ် ချက်ချမှတ်ရာတွင်အရေးပါသော ကဏ္ဍတွင်ပါဝင်သည်။ MEC အနေဖြင့် လတ်တလောတွင် တိုင်းရင်းသားနှင့် ဘုန်းတော်

ကြီးသင်ပညာရေးစနစ်များကို ထောက်ပံ့နေပြီးနောင်တွင် လူထုအခြေပြုပညာရေး အထောက်အပံ့များ တိုးချဲ့ဆောင်ရွက်ရန်စဉ်းစားလျက်ရှိသည်။ တိုင်းရင်းသားပညာရေး စနစ်များကို ထောက်ပံ့ခြင်းသည် မြန်မာနိုင်ငံ အတွင်းရှိလူမှုရေး၊ ပညာရေးစသည့်နောက်ခံအားနည်းချို့တဲ့သော ကလေးငယ်များ အတွက် အကျိုးဖြစ်ထွန်းကာ ကျောင်းထွက်ရသည့်အခြေအနေကိုလျော့ချနိုင်သည်။

များစွာသော တိုင်းရင်းသားပြည်နယ်များနှင့် တိုင်းဒေသကြီးများရှိ ပညာရေးထောက်ပံ့သူများအနေဖြင့် မြန်မာ ဘာသာစကားကို မိခင်ဘာသာစကားအဖြစ် ပြောဆိုခြင်းမရှိသည့် တိုင်းရင်းသား ကလေးငယ်များအတွက် ကိုယ်ပိုင်တိုင်းရင်းသားဘာသာစကားဖြင့်သင်ယူနိုင်ရန်ဆောင်ရွက်ပေးလျက်ရှိသည်။ ဘုန်းတော်ကြီးသင် ပညာရေး စနစ်သည် အကြီးမားဆုံးနှင့် သက်တမ်းအကြာဆုံးပညာရေးစနစ်ဖြစ်ပြီး မြန်မာနိုင်ငံအနှံ့အပြားရှိတိုင်းရင်းသား ဒေသများအပါအဝင် ဗုဒ္ဓဘာသာဝင်များ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သူများ ဆင်းရဲနွမ်းပါးသည့် ကလေးများကို ပညာရေးသင်ကြားပေးသည့်စနစ်တစ်ခုဖြစ်သည်။

**ဦးစားပေးလုပ်ငန်းများ**

လုပ်ငန်းစဉ်မဟာဗျူဟာကို မိတ်ဖက်များ၏ အခြေခံပညာရေးဝန်ဆောင်မှုပေးအပ်ရာတွင် စီမံခန့်ခွဲမှုလုပ်ငန်း များတိုးတက်လာစေရန်ရည်ရွယ်၍ ၎င်းတို့၏နစ်များပိုမိုအားကောင်းစေသည့်ဒီဇိုင်းရေးဆွဲအသုံးပြုထား သည်။ ကလေးများ ပညာစဉ်ဆက်မပြတ်သင်ယူနိုင်ရေး၊ အရည်အသွေးရှိသည့် အခြေခံပညာရေးကို ပြီးဆုံးအောင် သင်ကြားနိုင်ရေး၊ လေ့လာသင်ယူမှု တိုးတက်ရေးများအတွက် ပံ့ပိုးမှုများပြုလုပ်ပေးနိုင်ရန် မိတ်ဖက်အဖွဲ့ အစည်း များအတွင်း လိုအပ်နေသည့် အချက်များကို ၎င်းတို့နှင့် အတူတကွဖော်ထုတ်နိုင်ရမည်။ MEC ၏ မူဝါဒများ နှင့်ကိုက်ညီစေရန် ကြားဝင်ဆောင်ရွက်မှု လုပ်ငန်းများကို အဓိကလိုအပ်ချက်များ၊ ဦးစားပေးလုပ်ငန်းများနှင့် ရရှိနိုင်သောရင်းမြစ်များအပေါ် အခြေခံပြီးဆုံး ဖြတ် ကြ မည်ဖြစ် သည်။ MEC သည်၎င်း၏ ကိုယ်ပိုင်လုပ် ငန်းများ နှင့်အခြား အပြန်အလှန်ပူးပေါင်းလုပ်ဆောင် ချက်များ တွင် ကလေးသူငယ်ဘေးကင်းလုံခြုံရေးနှင့် ဂျင်ဒါတန်း တူညီမျှမှု၊ မသန်စွမ်းမှုနှင့် လူမှုရေးပါဝင်မှုများကို အဓိက ဦးစားပေး ထောက်ပံ့သည့်စနစ်ကိုကျင့်သုံးသည်။ ထို့အ ပြင် စီမံကိန်းအဆင့်(၃)လုပ်ငန်းစဉ် မဟာဗျူဟာတွင် မိခင် ဘာသာ စကားအခြေပြုဘာသာ စကားစုံ ပညာ

ရေးကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေး အတွက်ဦးစားပေးထောက်ပံ့ သွားမည်ဖြစ်သည်။ ပညာရေးထောက်ပံ့ သူများ အနေဖြင့်ပညာရေး ဝန်ဆောင်မှုများအကောင်အထည်ဖော် ဆောင် ရာတွင်ပိုမို လုပ်ကိုင်ရလွယ် ကူသည့် ပတ် ဝန်းကျင်တစ်ရပ်ပေါ်ထွန်းလာရန်လည်း အလေးထားဆောင်ရွက် မည်ဖြစ် သည်။

**လုပ်ငန်းစဉ်လက်လှမ်းမီမှုနှင့်နယ်ပယ်**

MEC မိတ်ဖက်အဖွဲ့အစည်းများသည် KG+12 grade level များကိုဦးစားပေးပြီး နှစ်စဉ်အခြေခံပညာကျောင်းများ တွင် ကျောင်းသား၊ ကျောင်းသူပေါင်း ၂၅၀၀ ကျော် (ကျား ၄၉.၆ ရာခိုင်နှုန်းနှင့် မ ၅၀.၄ ရာခိုင်နှုန်း) တက်ရောက် ပညာသင်ယူစေသည့်အတွက် လက်ရှိတွင်ထောက်ပံ့နေသည့် ကျောင်းသား၊ ကျောင်းသူ အရေအတွက် ၃၀၀,၀၀၀ ကျော် အထိ ရောက်ရှိနေပြီဖြစ်ပါသည်။ ဦးစားပေးဒေသများမှာ တိုင်းရင်းသား ပြည်နယ်များနှင့် တိုင်းဒေသကြီးများ ဖြစ်ပြီး လတ်တလောတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရာအချို့ပါဝင်သည်။ စီမံကိန်း မဟာဗျူဟာသည် ဒေသတစ်ခုစီမှ ပညာရေး အဟန့် အတားများကို တိကျစွာဖော်ထုတ်ပြီး ရန်ပုံငွေရရှိမှုအလိုက် လုပ်ငန်းများတိုးချဲ့နိုင် ရန်အတွက်လူမှုရေး နှင့် နိုင်ငံရေး ပတ်ဝန်းကျင်ရှိပြောင်းလဲမှုများကိုလျှင်မြန်စွာတုန့်ပြန်ပြီးလိုက်လျောညီထွေရှိစွာလုပ်ဆောင်ပါသည်။ မိတ်ဖက် အသစ်များကိုငါးနှစ်တာကာလအတွင်းတိုးချဲ့လက်တွဲသွားမည်ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်များ**

၁. **စနစ်များပိုမိုအားကောင်းစေရန် ပူးပေါင်းဆောင်ရွက်ခြင်းများ** - ပညာရေးစနစ်တစ်ရပ်ကို ကိုယ်စားပြုပြီး၊ အကျိုးထိရောက်မှုရှိသည့် အရည်အသွေးပြည့်ဝသောအခြေခံပညာရေးဝန်ဆောင်မှုများ ပေးနိုင်ရန် ဆောင်ရွက်နေ သည့် တိုင်းရင်းသားအခြေပြု ပညာရေးထောက်ပံ့သူ/အဖွဲ့ များကို ကူညီပံ့ပိုးပေးခြင်း။

၂. **တိုင်းရင်းသားသာသာစကားသင်ကြားသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း -** မိခင်ဘာသာစကားအခြေပြုဘာသာစကားစုံပညာရေးစနစ် ပိုမိုအားကောင်းစေရန် ဒေသခံအဖွဲ့အစည်း များ၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုကို မြှင့်တင်ပေးခြင်း။

၃. **နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း -** MEC ၏ရည်မှန်းချက်များအောင်မြင်မှုရရှိရန် အထောက်အကူပြု လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံအဖွဲ့အစည်းများအား နည်းပညာဆိုင်ရာ အကူအညီများပေးခြင်း။

၄. **မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ခြင်း -** မိတ်ဖက်များပိုမိုတိုးပွားလာရန်၊ လုပ်ငန်းဆောင်ရွက်မှု မြန်ဆန်ပြီး အကျိုးရှိစေရန် နှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမို အားကောင်းစေရန် အခြားအဖွဲ့အစည်းများ၊ အသင်းများ၊ တက္ကသိုလ်များနှင့် (သို့) ပုဂ္ဂလိကကဏ္ဍများနှင့် တရားဝင်/ အလွတ် သဘော မဟာဗျူဟာ မြောက်ပူး ပေါင်းခြင်း။

## လုပ်ငန်းစဉ်စီမံခန့်ခွဲခြင်း

လုပ်ငန်းစဉ် စီမံခန့်ခွဲမှု၏အဓိကလုပ်ငန်းများဖြစ်သော လုပ်ငန်းစဉ်အုပ်ချုပ်မှု၊ မိတ်ဖက်ချဉ်းကပ်မှု၊ စောင့်ကြည့် လေ့လာခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်း နှင့်လေ့လာခြင်း၊ ငွေကြေးတန်ဖိုးထားခြင်း၊ မူဝါဒနှင့်ထောက်ခံအားပေးခြင်း၊ ဂျင်ဒါတန်းတူညီမျှရှိမှု၊ မသန်စွမ်းခြင်းနှင့် လူမှုရေးရာပါဝင်ခြင်းဆိုင်ရာဘက် ပေါင်း စုံပေါင်းစည်းခြင်းလမ်းညွှန်ချက်၊ ကလေးသူငယ်ဘေးကင်း လုံခြုံရေး၊ လိမ်ညာမှုလျော့ချခြင်း၊ ဘေးအန္တရာယ်စီမံ ခန့်ခွဲမှု၊ လုပ်ငန်းအသေးစိပ်နှင့်ကုန်ကျစရိတ် သတ်မှတ်ခြင်းတို့ကိုစီမံကိန်းလမ်းညွှန်ကော်မတီမှဦးဆောင်သည်။

လုပ်ငန်းစဉ်အား စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ တာဝန်ယူမှုတာဝန်ခံမှုရှိခြင်းနှင့် လေ့လာခြင်း မူဘောင်သည် M&E အစီအစဉ်နှင့် ပြောင်းလဲမှုသီအိုရီ အဆင့်တစ်ခုစီတိုင်းတွင် အဓိက ညွှန်းကိန်းများ (key indicators) ထားရှိ၍ တိကျစွာတာဝန်ယူ ဆောင်ရွက်သည်။ အဆိုပါညွှန်းကိန်းများကို

MEC လုပ်ငန်းတိုး တက်မှု များ၊ အကျိုးသက်ရောက်မှု နှင့် ငွေကြေးတန်ဖိုးထားမှုများကို စဉ်ဆက်မပြတ် စိစစ်အကဲဖြတ် ရာတွင်သုံးပြုသည်။





Figure 3 MEC's Phase 3 MEAL Approach